# ဆုံးရှုံးနိုင်သည့်အချက်များ

ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သည် ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်းများအား ဝယ်ယူဖြန့်ဖြူးရောင်းချ ခြင်းနှင့် လယ်ယာထွက်ကုန်သီးနှံများအား ပြည်တွင်း၌သာမက ပြည်ပသို့တင်ပို့ ရောင်းချခြင်း လုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အတွက် နိုင်ငံ၏စီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေများရှိပါသည်။

နိုင်ငံတော်အစိုးရမှချမှတ်ထားသော မူဝါဒ အပြောင်းအလဲနှင့် အကန့်အသတ်များ ကြောင့် Regulatory Risk များရှိနိုင်ပါသည်။ ဈေးကွက်မတည်ငြိမ်မှုနှင့် ငွေလဲနှုန်း ပြောင်းလဲ ခြင်းများကြောင့် Financial Risk များလည်းရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာကုန်သန်းရောင်း ဝယ်ရေးဆိုင်ရာ အကန့်အသတ်များကြောင့်လည်း ကုန်စည်များ၏ဝယ်လိုအားနှင့် ရောင်းလို အားကို ထိခိုက်စေပြီး GBSASP ၏ ဝင်ငွေနှင့် ဈေးကွက်တန်ဖိုးအပေါ် တိုက်ရိုက်သက်ရောက် မှု ရှိနိုင်သဖြင့် နိုင်ငံခြားဝင်ငွေနှင့်သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများလည်း ရှိနိုင်ပါသည်။

ရာသီဥတုဆိုင်ရာအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များ (ဥပမာ-ရေကြီး ရေလျှံ ခြင်း ၊ လျှော်လှုပ်ခတ်ခြင်း ၊ ရာသီဥတုဖောက်ပြန်ခြင်း အစရှိသည်များ) ကြောင့် သီးနှံထွက်နှုန်း ကျဆင်းခြင်းများ၊ စိုက်ပျိုးနည်းစနစ်လွဲမှားမှုကြောင့် သီးနှံထုတ်လုပ်မှု လျော့နည်းစေ ခြင်းစသည့် ဆုံးရှုံးနိုင်ခြေများလည်းရှိပါသည်။ ၎င်းနှင့်ဆက်စပ်၍ သီးနှံများနှင့် သီးနှံထွက် ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ခြင်း (logistic and supply chain) အပေါ် တွင်လည်း စရိတ်မြင့်တက်မှု၊ ကြန့်ကြာမှုများဖြစ်ပေါ်နိုင်ပါသည်။

ကုမ္ပဏီသည် လယ်ယာထွက်ကုန်သီးနှံများအားဝယ်ယူ၍ ပြည်တွင်း၊ ပြည်ပသို့ ရောင်းချ ခြင်းလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့် ကုမ္ပဏီဖြစ်သဖြင့် ကုန်ပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပိုင်းဆိုင်ရာစံများ ၊ သိုလှောင်သိမ်းဆည်းမှုကာလများ ၊ သယ်ယူပို့ဆောင်ရေး Shipment အချိန်ကြာမြင့်မှုများစသည့် Operational Risk များလည်း ရှိနိုင်ပြီး ကုန်ပစ္စည်း များ ပျက်စီးဆုံးရှုံးနိုင်ခြေများလည်း ရှိနိုင်ပါသည်။

# ဆုံးရှုံးနိုင်သည့်အချက်များ

G.B.S ASP သည် လယ်သမားများအား စိုက်ပျိုးရေးထောက်ပံ့ငွေများရရှိနိုင်ရန်နှင့် ပေးချေနိုင်ရန်ပံ့ပိုးခြင်း ၊ Contract Farming စိုက်ပျိုးမှုများ ဆောင်ရွက်ခြင်းတို့ကြောင့် Credit risk နှင့် Settlement risk များအပေါ် ဆုံးရှုံးနိုင်ခြေများလည်းရှိပါသည်။ သီးနှံစိုက်ပျိုးသည့် ကာလများ တွင် စိုက်ပျိုးစရိတ်များ မြင့်တက်စေနိုင်ခြင်းကြောင့် Working capital မလုံလောက်ပါက liquidity risk များလည်း ဖြစ်ပေါ် နိုင်ပါသည်။

လယ်ယာဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း စက်ပစ္စည်းများရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများတွင် အရည်အသွေးပိုင်းဆိုင်ရာချို့ယွင်းချက်များ၊ စက်ပစ္စည်းအာမခံသက်တမ်းမပြည့်မီ ပြင်ဆင်အစားထိုးပေးရခြင်းများရှိနိုင်သလို နယ်မြေဒေသအခြေအနေအပေါ် မူတည်ပြီး အချိန်နှင့်တပြေးညီဝန်ဆောင်မှုပေးနိုင်ရန် နှောင့်နှေးခြင်းများအတွက် ဖေါက်သည်များ၏တိုင်တန်းမှုများ ၊ ပေးလျော်မှုများလည်းရှိနိုင်ပါသည်။ ထို့အပြင် GBSASP Kubota Showroom များ ဖွင့်လှစ်ထားသော နေရာဒေသများတွင် Regional Risk & Control များလည်းရှိနိုင်ပါသည်။

အဆိုပါ ဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်နိုင်ရေးအတွက် Risk Management Policy တစ်ရပ်ချမှတ်၍ စောင့်ကြည့်သုံးသပ်ခြင်း ၊ ဖြေရှင်းမည့်နည်းလမ်းများရွေးချယ်ခြင်းနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဖြေရှင်း ဆောင်ရွက်ရာတွင် Risk mitigation strategy များကို အသုံးပြုမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အာဏာပိုင်များ၊ NGO များနှင့် ကောင်းမွန်သော ဆက်ဆံရေးထားရှိခြင်း၊ လယ်ယာထွက်ကုန် သီးနှံများအား ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဈေးကွက်ချဲ့ထွင်ခြင်း၊ ဈေးနှုန်း သတ်မှတ် ချက်များအပေါ် အခြေခံ၍ ဝယ်ယူမှုဆုံးဖြတ်ခြင်းဖြင့် ဈေးကွက်၏ ဆုံးရှုံးနိုင်ခြေကို လျှော့ချခြင်း၊ ထို့အပြင် တောင်သူလယ်သမားများနှင့် စာချုပ်ချုပ်ဆို၍ သီးနှံများဝယ်ယူခြင်း၊ သဘာဝဘေး အန္တရာယ်ကျရောက်မှုအပေါ်- climate-resilient technologies ခေတ်မီ နည်းပညာများ အသုံးပြုခြင်း ၊ အာမခံအကာအကွယ်များ ထားရှိခြင်းဖြင့် Risk transfer ပြုလုပ်ခြင်း စနစ်တကျပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

***********************************************************************